MHSP
မဟာစာပေ

အမှတ် ၁၅၂၊ ဖေယျာသုခလမ်း၊ က–ရပ်ကွက်၊ သုဝဏ္ဏ
သဃ်ာန်းကျွန်းမြို့နယ် ၊ ရန်ကုန်မြို့။

**၀၉ ၄၅၀၆၂၃၃၈၃ ၊ ၀၉ ၄၅၀၆၂၃၃၈၄**

sarpaymahar@gmail.com
www.facebook.com/maharsarpaypublishing
www.maharsarpay.com

ထုတ်ဝေခြင်း **ပထမအကြိမ်**

**နိုဝင်ဘာလ၊ ၂၀၂၃ ခုနှစ်**

စောင်ရေ **၁၀၀၀**

မျက်နှာဖုံးဒီဇိုင်း **ကိုဆန်း ၊ ဖြူစင်သန့်**

ထုတ်ဝေသူ **ဒေါ်သိမ့်သူစိုး (၀၁၂၈၅)**

ပုံနှိပ်သူ **ဦးဝင့်ပိုလ်ပိုလ်(နန်းသဇင်ပုံနှိပ်တိုက်-၀၀၄၄၁) ၀၉၂၅၀၅၁၃၆၃၆**

**အမှတ်-၁၉၄-၁၉၆၊ ၃၉-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

စာစစ် **ချစ်ခိုင်စံ**

စာအုပ်ချုပ် **ကိုမဲ (ငွေအိမ်စည်စာအုပ်ချုပ်လုပ်ငန်း) ၀၉၂၆၄၅၆၅၆၅၇**

ဖြန့်ချိရေး **မဟာစာပေ**

**အမှတ်-၁၅၂၊ ဗေယျာသုခလမ်း၊ က-ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း - ၀၉၄၅၀၆၂၃၃၈၃ ၊ ၀၉၄၅၀၆၂၃၃၈၄**

တန်ဖိုး **၁၀၀၀၀ ကျပ်**

**လူစုံ**

**အကြည်တော်ရဲ့ ဖြူစင်ခြင်း အမှတ်တရစာစုများ ၊ လူစုံ**
ရန်ကုန်၊ မဟာစာပေ ၊ ၂၀၂၃
စာ ၂၄၈ ၊ ၂၀.၅ × ၁၂.၅ စင်တီ
**(၁) အကြည်တော်ရဲ့ ဖြူစင်ခြင်း အမှတ်တရစာစုများ**

# အကြည်တော်

ရဲ့

# ဖြူစင်ခြင်း

အမှတ်တရ စာစုများ

မ ဟာ စာ ပေ ( စာ စဉ် – ၁၀၇ )

# ကျေးဇူးတင်လွှာ

**အကြည်တော်ရဲ့ ဖြူစင်ခြင်း** အမှတ်တရစာစုများအတွက် ချစ်ခြင်းအားဖြင့် ပံ့ပိုးရေးသားပေးခဲ့ကြသော စာရေးဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ/ဆရာမများ၊ ညီ/ညီမ၊ ဆရာငယ်၊ ဆရာမငယ်များအား အထူးပင် ကျေးဇူးတင်ရှိပါသည်။

ကိုကြည် သက်ရှိထင်ရှားရှိစဉ်ကတည်းကနေ ယနေ့အထိ မေတ္တာဖြင့် ပံ့ပိုးရေးသားပေးခဲ့ကြသော ပန်းချီဆရာ၊ ဆရာမ၊ ကာတွန်းဆရာများ၏ ပန်းချီပုံ၊ သရုပ်ဖော်ပုံ၊ ကာတွန်းပုံများကို လေးစားခြင်းများစွာဖြင့် စာအုပ်အဖုံးနှင့် ဆောင်းပါးသရုပ်ဖော်များအဖြစ် အသုံးပြုထားပါသည်။

ထို ပန်းချီပုံ၊ ကာတွန်းပုံများအား အသုံးပြုခြင်းအတွက် လက်လှမ်းမီသော ဆရာ၊ ဆရာမများထံမှ ခွင့်ပြုချက် တောင်းခံခဲ့ပါသော်လည်း အချို့ လက်လှမ်းမမီဖြစ်ခဲ့သော ဆရာကြီး၊ ဆရာမကြီးများအားလည်း ပန်းချီသရုပ်ဖော်အဖြစ် ခွင့်ပြုပေးကြပါရန်နှင့် အကြောင်းကြောင်းကြောင့် အသုံးမပြုဖြစ်ပဲ ကျန်ရစ်ခဲ့သော ပန်းချီပုံ၊ ကာတွန်းနှင့် သရုပ်ဖော်ပုံများရှိပါကလည်း နားလည်ခွင့်လွှတ်ပေးကြပါရန် ဤနေရာမှပင် လေးလေးစားစား တောင်းပန်အပ်ပါသည်။

ပန်းချီ ကိုဆန်း

■

# မာတိကာ


| | | | |
|---|---|---|---|
| ၁။ | ဟိန်းလတ် | လောကကြီးကို အပျော်တွေ လာပေးသူ | ၉ |
| ၂။ | ဂျူး | စောကြည်ဖြူ ... သို့ | ၁၅ |
| ၃။ | ကောင်းသန့် | ကိုကြည် ... သို့ | ၂၁ |
| ၄။ | သန်းမြင့်အောင် | လွမ်းလက်စ မကုန် | ၂၅ |
| ၅။ | ညီမင်းညို | အဒေါ်ကြည် (သို့) အကြည်တော် | ၃၃ |
| ၆။ | နှင်းဝေမြိမ်း | အောင်မြေ | ၃၅ |
| ၇။ | ခင်သန္တာ | အကြည်တော် (သို့) အားလုံးကို ပျော်စေခဲ့သူ | ၄၃ |
| ၈။ | အရိုး | ကိုကြည် ဆိုသည်မှာ | ၄၉ |
| ၉။ | ကိုမြင့်ထွန်း (Quality) | အကြည်တော် သက်တော်ရာကျော် ရှည်ပါစေသတည်း | ၆၁ |
| ၁၀။ | အောင်သျှန်ဝိုင်း(ကျိုက်မရော) | အလုပ်ကို အကောင်းဆုံး လုပ်သွားသူ | ၆၇ |
| ၁၁။ | မိုးဆက်လင်းထက် | ကျွန်တော်နှင့် အကြည်တော် | ၇၃ |
| ၁၂။ | လူနေ | ကျွန်တော်နှင့် ကိုကြည်(အကြည်တော်) | ၇၉ |
| ၁၃။ | မိုးစက်ဝိုင် | Tree | ၈၉ |
| ၁၄။ | နိုင်ဇော် (Lazy Club) | ကျွန်တော်သိတဲ့ ကိုကြည့် အမှတ်တရ | ၉၃ |
| ၁၅။ | မေ (ပညာရေး) | စွဲထင်ကျန်ရစ်ခဲ့သော အမှတ်တရ တချို့...တချို့ | ၉၉ |
| ၁၆။ | သူဝေး | ညချမ်းကြည်ကြည် | ၁၀၅ |
| ၁၇။ | ကေဇော်မိုး | ကြည်စင်ခဲ့သော အကြည် | ၁၁၃ |
| ၁၈။ | မင်းမူပိုင် | ဘ၀မောစရာတွေကြားက ရယ်စရာလူတစ်ယောက် | ၁၁၉ |
| ၁၉။ | မြလွှမ်းမိုးဆွေ | လွန်ခဲ့သော နှစ်များဆီသို့ | ၁၂၃ |
| ၂၀။ | မယ်စု | ဆုံခွင့်မရှိတော့တဲ့ ကြယ် | ၁၂၇ |
| ၂၁။ | ဟိန်းဆက်သွင် | Professional အကြည်တော် | ၁၃၁ |
| ၂၂။ | ရောင်နီသက်လွင် | ထိပ်စီးနှင့်အတူ ပြောင်းပစ်လိုက်တဲ့ ဘ၀ | ၁၄၃ |
| ၂၃။ | နိုင်ကြည်သားနေ | ကဝေပျိုကြီး လုပ်ပုံများ | ၁၄၇ |
| ၂၄။ | နောင်နော်နော် | ကျွန်တော်ပြောမည့် ဆရာကြည့်အကြောင်း | ၁၅၁ |
| ၂၅။ | ရွှန်းမီမီထက် | အမှတ်တရ ကြည် | ၁၅၇ |
| ၂၆။ | ဂကြည်သူ | ကျောက်သင်ပုန်းတစ်ချပ်ရဲ့ နတ်ပြည်ရဲ့ နံနက်ခင်း | ၁၆၁ |

| | | |
|---|---|---|
| ၂၇။ ကြည်နုခေတ် | ဟိုဘက်ကမ္ဘာမှာ ပျော်ရွှင်ပါစေ | ၁၆၅ |
| ၂၈။ အေတီ | အကြည်တော်နှင့် ကျွန်တော်တို့၏ ငယ်ဘဝ | ၁၆၉ |
| ၂၉။ ဥက္ကာမင်းဆက် | လိပ်ပြာ | ၁၇၇ |
| ၃၀။ ပုံဗလုံး | ဒါဟာ သာမန်ဘဝတုန်းက သာမန်ညီအစ်ကိုများရဲ့ သာမန်ချစ်ခြင်းမေတ္တာတရားများ အကြောင်းပါပဲ | ၁၈၇ |
| ၃၁။ သမီးချော | အေးချမ်းပါစေ ချစ်သော ကိုကြည် | ၁၉၉ |
| ၃၂။ ဓိရာမိုရ် | တေးရေးဆရာ | ၂၀၃ |
| ၃၃။ ကိုဆန်း | ကိုကြည့် ကောက်ကြောင်း | ၂၀၇ |

# လောကကြီးကို
# အပျော်တွေ လာပေးသူ

**ဟိန်းလတ်**

အကြည်တော်ကို စတွေ့ကတည်းက ကိုကြည်ဟုပဲ ခေါ်ခဲ့သည်။ လွန်ခဲ့သော နှစ်နှစ်ဆယ်ကျော်က ကျွန်တော် လုပ်ကိုင်ခဲ့သော "ပေါ်ပြူလာ ဂျာနယ်" က ပထမတုန်းက သုံးဆယ့်ခြောက်လမ်း၊ နောက်မှ သုံးဆယ့်ငါး လမ်းကို ပြောင်းသည်။ ကိုကြည်ကို စတွေ့ခဲ့သည်မှာ ပေါ်ပြူလာ ပထမ ဆယ်နှစ်ပိုင်းအတန်းက စသည်။ ထိုစဉ်က သူ ဝတ္ထု မရေးသေး။ ကျွန်တော် တို့ အနီးအနားက မဂ္ဂဇင်းတိုက်တွင် သတင်းထောက်လိုလို၊ ဘာလိုလို တောက်တိုမယ်ရ သတင်းတွေ ရေးနေချိန်။

ထိုစဉ်ကတည်းက ကျွန်တော့်ဂျာနယ်တိုက်မှာ ကျွန်တော့်တပည့် အယ်ဒီတာတွေဖြစ်ကြသည့် လွမ်းဝေနိုင်၊ ကိုမျိုး(မြန်မာစာ)၊ ရဲကျော်မြင့် (ပဉ္စမံဒီရိုင်း)တို့နှင့် သူက တွဲဖြစ်သည်။ ညနေငါးနာရီလောက်ဆို သူ ဂျာနယ်တိုက် ရောက်လာသည်။ ရောက်ရောက်ချင်းမှာ ကျွန်တော့်ကို အရင် ဝင်နှုတ်ဆက်သည်။ သူ့ပင်ကိုယ်သံ လေးလေးပင်ပင်ကြီးဖြင့် "ဆရာ၊ နေကောင်း လား" ဒါပါပဲ။

သူက စကားနည်း၏။ အရပ်ရှည်ရှည် ခပ်ကိုင်းကိုင်းကြီးကို ခါးညွတ်ပြီး အရိုအသေ ပြုတတ်သည်။ အသားဖြူပေမဲ့ မျက်နှာပြင်က

အမြဲပင် နီရောင်သန်းနေသည်။ ယမကာ မမှီဝဲခင်လည်း ဒီမျက်နှာ။ နှစ်ပက် သုံးပက်ဝင်လည်း ဒီမျက်နှာ။ ညနေရုံးဆင်းချိန်တွင် ကျွန်တော့်တပည့်တွေနှင့် သူ အတူ ထွက်သွားသည်။ ညနေတိုင်း သူတို့ ရီဝေကြသည်။

တစ်နေ့တော့ သူ ကျွန်တော့်ဆီ ပေါက်ချလာပြီး ရင်ဖွင့်သည်။

“ကျွန်တော် အလုပ်ပြုတ်လာပြီ ဆရာ၊ ကျွန်တော့် အလုပ်တိုက် ပိုင်ရှင်က ကျွန်တော့်ကို စာမရေးတတ်ဘူးဆိုပြီး ဖြုတ်လိုက်တာ”

သူ့ပုံစံက စိတ်ဓာတ်ကျနေပုံ ပေါ်သည်။ ယခင် တွေ့ရစမြဲဖြစ်သော အပြုံးတွေ သူ့မျက်နှာမှာ မတွေ့ရ။

“ကျွန်တော့်ကို သုံးဆယ့်သုံးလမ်း အပေါ်လမ်းက ရုပ်ရှင်မင်းသမီး ဆီ သွားခိုင်းတယ်၊ အဲဒီမင်းသမီးက အတော်လှတယ်၊ သီချင်းဆိုလည်း ကောင်းပါတယ်၊ ကျွန်တော် သူ့အိမ်ရောက်တော့ သူက ကော်ဖီဖျော်တိုက် တယ်၊ သူ တိုက်လို့လားမသိဘူး၊ ကော်ဖီက အတော် အရသာရှိတယ်၊ ကျွန်တော်က ကော်ဖီအရသာခံရင်း မင်းသမီးကို တစ်ချိန်လုံး ငေးကြည့် နေမိတယ်၊ သူ ဘာပြောသလဲဆိုတာတွေ ကျွန်တော် သတိမထားမိဘူး၊ တိုက်ပြန်ရောက်တော့ မင်းသမီးရဲ့အလှနဲ့ သူ တိုက်တဲ့ကော်ဖီ သိပ်အရသာ ရှိတဲ့အကြောင်း ရေးလိုက်တယ်၊ မဂ္ဂဇင်းတိုက်ပိုင်ရှင်က မင်း စာမရေး တတ်ဘူး၊ ငါ့ဆီမှာ မလုပ်နဲ့ဆိုပြီး အလုပ်ဖြုတ်လိုက်တယ်”

ကိုကြည်က ယခင်တုန်းက စကားရှည်ရှည် မပြောတတ်။ ခုမှ ကျွန်တော့်ကို ခပ်ရှည်ရှည်ပြော ရှင်းပြနေသည်။ သူက အရိုးခံအတိုင်း ပြောနေသော်လည်း ကျွန်တော်က သူ့ပုံစံကြည့်ပြီး ရယ်ချင်နေသည်။ သို့သော် သူ့ကို “စိတ်အားမငယ်နဲ့၊ အလုပ်တစ်ခုမရလည်း နောက်တစ်ခု ရှာပေ့ါ” ဟု ဆိုကာ အားပေးလိုက်သည်။

နောက်သုံးလေးလလောက် သူ ကျွန်တော်တို့တိုက်ကို မလာ။ “ကိုကြည်တစ်ယောက် ပျောက်နေပါလားကွ” ဟု ကျွန်တော်က လွမ်းဝေနိုင်ကို မေးလိုက်တော့“သူ အခန်းအောင်းပြီး ဝတ္ထုရေးနေတယ် ဆရာ” ဟု လွမ်းဝေနိုင်က ပြန်ပြောသည်။

“သူ့ကလောင်နာမည်က ကိုကိုကြီးပဲလား” ဟု ယခင်က သူ ရေးခဲ့သော ဆောင်းပါးတချို့ကို သတိရ၍ မေးကြည့်သည်။ သူ့ အမည်ရင်း “စောကြည်ဖြူ” ကို ကလောင်အမည်သုံးရန် ပြောမိသော်လည်း သူက “ကိုကိုကြီး” အမည်သာ သုံးခဲ့သည်။

"ခင်ဗျားနာမည်ကြီးက ကလောင်နာမည်နဲ့ မတူဘူး၊ လူနာမည်ကြီး၊ ရိုးလိုက်တာဗျာ"

သူက ကျွန်တော့်ထက် အသက်နှစ်ဆယ်ကျော်မျှ ငယ်သည်။ သို့သော် သူနှင့်စတွေ့ကတည်းက သူ့ကို "ခင်ဗျား၊ ကျွန်တော်" ပဲ ပြောသည်။ မှတ်မှတ်ရရ၊ ၂၀၀၃ ခုနှစ်။

ပန်းဆိုးတန်းတွင် စာအုပ်ဆိုင်ဖွင့်ထားသည့် ကိုလှိုင်မိုး(ကိုမိုး)နှင့် ကျွန်တော် ခင်သည်။ သူ့ထံမှ ရှားပါးစာအုပ်များ ကျွန်တော် မကြာခဏ လုပ်သည်။ သူက စာအုပ်ရောင်းရင်းမှ စာအုပ်ထုတ်ဝေရေးပါ စလုပ်သည်။ သူ ထုတ်သော စာအုပ်များကား ကျွန်တော် မကြိုက်။ သစ်ခွစိုက်ပျိုးနည်း၊ ခွေးမွေးမြူနည်း စတဲ့ စာအုပ်တွေ။

တစ်နေ့တော့ ကိုမိုးက ကျွန်တော့်ကို လာတိုင်ပင်သည်။

"ကျွန်တော် လုံးချင်းဝတ္ထုစာအုပ် ထုတ်ကြည့်မလို့ ဆရာရယ်၊ နာမည်ကြီး စာရေးဆရာတွေ အနားလည်း မကပ်နိုင်လို့ ကလောင်သစ် တစ်ယောက်ကို မွေးထားတယ်၊ အခု သူက သုံးအုပ်တော့ ရေးပြီးပြီ၊ စမ်းထုတ်ကြည့်ဦးမယ်"

"ဘယ်လို စာအုပ်အမျိုးအစားလဲဗျ"

"ဟာသဝတ္ထု"

"ရှိတော့ ကောင်းတယ်ဗျ၊ ဆရာသော်တာဆွေ၊ ဆရာကြပ်ကလေး၊ ဆရာကြူမွှေးတို့နောက်ပိုင်းမှာ ဟာသရေးတဲ့သူ နည်းသွားတယ်၊ တစ်ခု သတိထားရမှာက ဟာသဝတ္ထုရေးရတာက ခက်တယ်နော်၊ မရေးတတ်ရင် ရယ်စရာမဖြစ်ဘဲ ပေါတောတော ဖြစ်သွားတတ်တယ်၊ အခု ခင်ဗျား စင်တင်မယ်ဆိုတဲ့ ဝတ္ထုရော ဖတ်ပြီးပြီလား၊ ရယ်ရရဲ့လား"

ကျွန်တော်က မိတ်ဆွေကြီးကိုမိုး စာအုပ်ထုတ်ပြီးကာမှ ရှုံးမည်စိုး၍ မေးကြည့်၏။

"သူများတော့ မသိဘူး၊ ကျွန်တော် ဖတ်တာတော့ တော်တော် ရယ်ရတယ်"

ကိုမိုးက သူ ထုတ်မည့်စာအုပ်ကို သူ ယုံကြည်နေပုံရ၏။

"ကလောင်နာမည်က ဘာလဲ"

"အကြည်တော်" တဲ့။

*

ထိုစဉ်က “အကြည်တော်” သည် ကျွန်တော် သိခဲ့သော “စောကြည်ဖြူ”၊ “ကိုကိုကြီး” မှန်း ကျွန်တော် မသိ။

ကိုမိုး၏ ပထမဆုံးထုတ်သော “အကြည်တော်” ၏ ဝတ္ထုကား သိပ်မပေါက်။ ဒုတိယစာအုပ်ကျတော့ တော်တော် ရောင်းအားတက်လာ၏။ တတိယစာအုပ်တွင်ကား အုပ်ရေရောင်းအား သိသိသာသာပင် တက်သွားသည်။ စာဖတ်ပရိသတ်က အကြည်တော်မှ အကြည်တော်။

ပေါ်ပြူလာဂျာနယ်တိုက်သို့ “အကြည်တော်” ရောက်လာသည်။ လက်ဖျားငွေသီးလာသော်လည်း သူ့မူဟန်ပုံက မပြောင်း။ တိုက်ကိုရောက်လျှင် ကျွန်တော့်ကို နှုတ်ဆက်သည်။ ပြီးတော့ သျှီသူအောင်၊ လွမ်းဝေနိုင်၊ ကိုမျိုး(မြန်မာစာ)တို့ကို ခေါ်သွားသည်။

“သူကိုယ်တိုင်လည်း အရက်ကြိုက်တယ်၊ အရက်ကြိုက်သူ မှန်သမျှကိုလည်း သူပဲ ဒကာခံတယ်၊ လက်သိပ်ဖွာတယ်၊ အနှမြော လုံးဝ မရှိဘူး”

သူ့ဝတ္ထုတွေက “ဘက်စ်ဆဲလား” ဖြစ်ကုန်သည်။ ရုပ်ရှင်တွေက သူ့ဝတ္ထုတွေကို အလုအယက် ဝယ်ကြသည်။

*

ဟာသတွေရေးသော်လည်း သူ စကားပြောလျှင် ဟာသတစ်လုံးတစ်ပါဒမျှ မပါ။ အာလေးလျှာလေးကြီးနှင့် အတည်ပေါက်တွေသာ ပြောတတ်သည်။ သူနှင့်ကျွန်တော် စာပေဟောပြောပွဲ တော်တော်များများ ပြောဖူးသည်။ ပရိသတ်က သူ့ထံမှ ဟာသတွေ များများကြားရမည်ဟု နဂိုက မျှော်လင့်ထားသည်။ သို့သော် သူက ဟာသနည်းနည်းသာပြောပြီး အတွေးနက်နက်တွေ ပြောသွားသဖြင့် ပရိသတ်က တစ်မျိုးတစ်ဖုံ သဘောကျကြသည်။

အတည်ပေါက်စာတွေ ရေးကြသော စာရေးဆရာတွေက စာပေဟောပြောပွဲတွင် (မရယ်ရသော) ဟာသတွေ စွတ်ဖောက်နေချိန်၊ ဟာသစာရေးဆရာ အကြည်တော်က ပရိသတ်အတွက်ကို မှတ်သားစဉ်းစားဖွယ် အတည်ပေါက်တွေ ပြောလေ့ရှိတာ ထူးခြားသည်။

MRTV-4 တွင် သူက “မြင်မြင်သမျှ ဟာသ” ဆိုသော အစီအစဉ်

ကို ကိုင်၏။ သူ ခင်မင်လေးစားသော စာရေးဆရာ တော်တော်များများကို သူက ဖိတ်ခေါ်၏။ တစ်ခါရိုက်ကူးခ ငွေကျပ်တစ်သိန်းနှင့် လက်ဆောင် ပစ္စည်းများရ(ထမင်းပါကျွေး)၍ အဆင်ပြေလှသည်။

"ကျွန်တော် လုပ်ပိုင်ခွင့်ရနေတုန်း ကျွန်တော့်ဆရာသမားတွေ၊ မိတ်ဆွေတွေကို အကျိုးပြုချင်လို့ပါ..." ဟု ကိုကြည်က ပြောသည်။

*

"ကိုကြည်" ငယ်ဘဝက ဘဝ အတော်စုံ၏။ လမ်းပေါ်တွင် သူတောင်းစားများနှင့်ပင် ဖက်အိပ်ဖူးသည်။ သို့သော် သူက လူဆိုးမဟုတ်။ လူတွေကို ဒုက္ခမပေး။ လူတိုင်းအပေါ် အပေးသာရှိ၊ အယူမရှိသူ။

"ကိုကြည်" သည် သူကိုယ်တိုင် ဖန်တီးထားသည့် ကဗျာများကို ကိုယ်တိုင်ရွတ်ပြီး အဆိုတော်များက သီချင်းအဖြစ် ပြန်လည်သီဆိုကြသော အစီအစဉ်တစ်ခုကို သူ မကွယ်လွန်မီက လုပ်ဆောင်ခဲ့သည်။ ထိုအစီအစဉ်ကို သူ၏ ညီဖြစ်သူ ဂီတမှူး အကယ်ဒမီ ခီရာမိုရ်ရက ဂီတဖြင့် ပံ့ပိုးပေးသည်။

ဟာသဝတ္ထုများနှင့် ပရိသတ်ကို ရယ်မောစေတတ်သူ "ကိုကြည်" သည် ကဗျာများဖြင့်လည်း ရင်ထဲငြိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

ထို ကဗျာဂီတ (Poem Music)ကို ဝန်ဇင်းမှ ကိုဝင်းလှိုင်က အစအဆုံး စီစဉ်ခဲ့သည်။

"ကျွန်တော် စီစဉ်လုပ်ဆောင်ပြီးသမျှကို ဆရာအကြည်တော်ကို သွားသွား ဖွင့်ပြတယ်၊ သူ အတော် သဘောကျ ပီတိဖြစ်တာ တွေ့ရတယ်.၊ ဒါပေမဲ့ လုံးဝဥသုံ အချောပြီးသွားတဲ့နေ့မှာ သူ ကွယ်လွန်သွားတော့ ကျွန်တော် ယူကျုံးမရ ဖြစ်ရ၊ ကြေကွဲရပါတယ်" ဟု ဝန်ဇင်းကိုဝင်းလှိုင်က ကျွန်တော့်ကို မချိတင်ကဲ ပြောသည်။

ကိုကြည်က ကျွန်တော့်အိမ် မကြာခဏ လာတတ်သည်။

"ဆရာက အရက်မသောက်တော့ အာဟာရဒါန ပြုပါရစေ" ဆိုကာ ကျွန်တော် ကြိုက်တတ်သော Hot Pot City ကို ခေါ်သွားကာ ကျွေးမွေး တတ်သည်။ ကျွန်တော် အားပါးတရ စားတာကို သူ ကြည့်ပြီး ကျေနပ် နေတတ်သည်။ ဆိုင်မှပြန်တိုင်း ကျွန်တော့်မိသားစုအတွက် ပါဆယ်ဆွဲ ဝယ်ပေးတတ်သည်။

ကိုကြည်နှင့်ပတ်သက်ပြီး သူ၏အစ်ကို "ကိုဆန်း" ကိုပါ သိခဲ့ရ

သည်။ နိုင်ငံတကာမှ တားရှော့ကားချပ်များသည် တွေ့ဖူးမြင်ဖူးနေကျဖြစ်ရာ မြန်မာတားရှော့ကားချပ်များ ဖန်တီးပေးရန် "ကိုဆန်း" ကို အပ်ဖူးရာ ကိုဆန်းက ကားချပ် နှစ်ဆယ့်နှစ်ချပ် ရေးဆွဲပေးဖူးသည်။

ကိုကြည်၏ ညီဖြစ်သူ ယဉ်ကျေးမှုတက္ကသိုလ်မှ ဂီတပညာဌာန ပါမောက္ခ "ဓီရာမိုရ်" ကလည်း ရုပ်ရှင်နောက်ခံ ဂီတပံ့ပိုးမှုတွင် ထူးချွန်လှ၍ အကယ်ဒမီ နှစ်ကြိမ်ရခဲ့သူဖြစ်ရာ သူနှင့် ဂီတပွဲများစွာတွင် ဆုံဖူးသည်။ ကိုကြည်တို့ ညီအစ်ကိုတွေက သူ့ပညာရပ်တွင်သူ ပါရဂူမြောက် ထူးချွန်ကြသူတွေ ဖြစ်သည်။

"ကျွန်တော် အရက်သောက်တာ များတယ်၊ ဖြစ်ခြင်းဖြစ် အသည်းကင်ဆာ၊ အဆုတ်ကင်ဆာပေ့ါဗျာ၊ ခုတော့ ဘာမဆိုင်ညာမဆိုင် အစာရေမျို ပြွန်ကင်ဆာတဲ့၊ မတန်လိုက်တာဗျာ" ဟု ကိုကြည်က သူ မကွယ်လွန်မီ မချိတင်ကဲ ပြောဖူးသည်။

ပရိသတ်ကို အပျော်တွေ များစွာပေးခဲ့သော အကြည်တော် ကွယ်လွန်ခဲ့၍ စာဖတ်ပရိသတ် အားလုံးကား ကြေကွဲဝမ်းနည်းကြရ၏။ အကြည်တော်ကဲ့သို့ အောင်မြင်သော ဟာသစာရေးဆရာတစ်ဦး မြန်မာ စာပေလောကတွင် ပေါ်ပေါက်ရန် နှစ်အတော်ကြာ စောင့်ရမည်ဖြစ်သဖြင့် မြန်မာစာပေလောကအတွက်ကား ကြီးမားသော ဆုံးရှုံးမှုပင် ဖြစ်ပါသည်...။

ဟိန်းလတ်

■



# စာရေးသူ ကိုယ်ရေးအကျဉ်း

အမည်ရင်းမှာ စောကြည်ဖြူ ဖြစ်ပြီး အဘ ဦးထွန်းနိုင်၊ အမိ ဒေါ်ညွန့်နွယ်တို့မှ မွေးဖွားသည်။ မွေးချင်း (၇)ယောက်အနက် (၆)ယောက်မြောက်သားဖြစ်ပြီး ၁၉၉၈ ခုနှစ်တွင် **ကိုကိုကြီး** ကလောင်အမည်ဖြင့် စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့သည်။

၂၀၀၃ ခုနှစ်တွင် **အကြည်တော်** ကလောင်အမည်ဖြင့် လုံးချင်းဝတ္ထုများ စတင်ရေးသားခဲ့သည်။ **ကဝေပျို၏နိဒါန်း၊ ဘီလူး၊ ကျောက်သင်ပုန်းတွေ မိုးထားတဲ့အိမ်၊ ရွှေမိုးသည်း၊ နတ်နေကိုင်း** မှစ၍ လုံးချင်းဝတ္ထုပေါင်း (၆၀)ကျော် ရေးသားထုတ်ဝေခဲ့သည်။

ရုပ်ရှင်ဝတ္ထုဇာတ်ညွှန်းအနေဖြင့် **ဘီလူး ၊ ကျောက်သင်ပုန်းတွေ မိုးထားတဲ့အိမ် ၊ ဟော့ရှော့ ၁/၂/၃** မှစ၍ ရုပ်ရှင်ဇာတ်ညွှန်းပေါင်း ၃၀ ကျော် ရေးသားခဲ့သည်။ **ဇော်က ကနေသည်** ဝတ္ထုဖြင့် ၂၀၀၉ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အကယ်ဒမီ (၂) ဆု ဆွတ်ခူးပေးနိုင်ခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် **ကဗျာဂီတ** အယ်ဘမ်ကို ကိုယ်တိုင်ရေးသားထုတ်ဝေခဲ့သည်။

၉-၁၁-၂၀၂၂ ရက်နေ့တွင် ၉၆ ပါးသောရောဂါဖြင့် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

***